# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ဒသမနေ့ အစီအစဉ်

# [ ၂၆–၉–၂၀၁၄ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းလှကျော်၊ လင်းခေး မဲဆန္ဒနယ်၏ **လင်းခေးမြို့နယ် ဒါးဆိပ် မြစ်ရေတင် စီမံကိန်းလုပ်ငန်းအပေါ် တာဝန်ယူ၊ တာဝန်ခံမှု အနေအထားကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ပဲခူး–စစ်တောင်း တူးမြောင်း အဆင့်မြှင့်တင် ပြုပြင်ခြင်းစီမံကိန်း အကောင်အထည်ဖော်မှု** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **လယ်မဲ့ယာမဲ့ လက်လုပ်လက်စား များအတွက် လယ်ယာမြေများ ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားကုမ္ပဏီများမှ ဆက်သွယ်ရေးလုပ်ငန်းအတွက် လုပ်ကိုင်ဆောင်ရွက်ရာတွင် ပြဿနာများ ပေါ်လာပါက ဖြေရှင်းပေးရန်အတွက် ကော်မတီ/ ကော်မရှင်များ ဖွဲ့စည်းထားရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်၊ တပ်မတော်သားကိုယ်စားလှယ်၏ **ရပ်စောက်မြို့တွင် တယ်လီဖုန်းလိုင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ရေးအတွက် လက်ရှိတာဝါတိုင်အား မြေအနေအထားအရ သင့်လျော်သောနေရာသို့ ရွှေ့ပြောင်းတည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်က ဆွေးနွေးခြင်း၊

၇။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"လျှပ်စစ်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"လျှပ်စစ်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။